စိမ့်စိမ့်အေး

# ဝတ္ထုတိုပေါင်းချုပ်



# အမှာစာ

သူငယ်ချင်းများ ၏ သမီးလေးသုံးယောက် နှင့် စပ်လျဉ်း၍ သိုက်နန်းရှင်ဝတ္ထု လေးကို ရေး သားခဲ့ပါသည်။ မူလစာရေး စဉ်က နှောင်းခင်ခင်အတွက် ကြေကွဲဝမ်းနည်းရလွန်း၍ ရေး လက်စစာမူကို သိမ်းဆည်းထားခဲ့ပါသည်။ အိပ်မပျော်သော လပြည့်ညတစ်ညတွင် သိုက်နန်းရှင် စာမူလေးကို ပြန်လည်ဖတ်ကြည့်မိ၏ ။ မည် သို့ ဖြစ်သည်မသိ ကျွန်မသည် စာရွက်လွတ်များ ကို ဆွဲယူပြီး သိုက်နန်းရှင်စာမူကို ဆက်ရေး ပါတော့သည်။ တစ်ဦး တစ်ယောက် က အနားထိုင်ပြီး ပြောပြနေသကဲ့သို့ ခံစားရကာ တစ်ညလုံး မအိပ်တမ်း မထထမ်း မရပ်မနား ရေး သားမိ၏ ။

စာမူပြီးသွား၍ ဖတ်ကြည့်သော အခါ ဝတ္ထုပါအကြောင်းအရာများ သည် ကျွန်မကိုယ်တိုင် မသိခဲ့၊ မကြားခဲ့ဖူးသော အကြောင်းအရာများ ဖြစ်နေ၏ ။ ကြက်သီးဖျန်းဖျန်းထပြီး ယုံရခက်၊ မယုံရခက်အ ဖြစ်နှင့် ကြုံတွေ့ရပါတော့သည်။ စာဖတ်သူအနေဖြင့် ယုံကြည်ရန်ခက်ခဲခဲ့ပါလျှင် စာရေး သူ၏ တာဝန်မဟုတ်ဘဲ သိုက်နန်းရှင်မလေး နှောင်းခင်ခင်၏ တာဝန်သာ ဖြစ်ပါကြောင်း...။

စိမ့်စိမ့်အေး

♥ ♥ ♥